ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ၃ /၂၀၂၀

၁၃၈၂ ခု၊ ပထမဝါဆိုလဆန်း( ၁၄ )ရက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် လ ( ၄ )ရက်

အကြောင်းအရာ။ **မျိုးပြုန်းတီးနိုင်သည့် ပင်လယ်လိပ်များ(SEA TURTLES)အား ထိန်းသိမ်းကာကွယ်ရန်ကိစ္စ**

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မျိုးပြုန်းတီးနိုင်သည့်အခြေအနေရှိသော ပင်လယ်လိပ်မျိုးများကို ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤညွှန်ကြားချက်ကိုထုတ်ပြန် လိုက်သည်။

၂။ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတပါး မည်သူမျှ မျိုးပြုန်းတီးနိုင်သည့်အခြေအနေရှိသော အောက်ဖော်ပြပါ ပင်လယ်လိပ်မျိုးများအပါအဝင် မည်သည့်ပင်လယ်လိပ်မျိုးများကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကိုလည်း ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အခြားနည်းတစ်စုံတစ်ရာနှောင့်ယှက်ခြင်းတို့ကို မပြုလုပ်ရန်တားမြစ်လိုက်သည်-

- (က) လိပ်စောင်းလျား *Dermochelys coriacea* (Leatherback turtle)
- (ခ) လိပ်ကြက်တူရွေး *Eretmochelys imbricata* (Hawksbill turtle)
- (ဂ) လိပ်လှောင်း *Lepidochelys olivacea* (Olive Ridley)
- (ဃ) ပြင်သာလိပ် *Chelonia mydas* (Green turtle)
- (င) လိပ်ခွေး *Caretta Caretta* (Loggerhead turtle)

၃။ ရေလုပ်သားများသည် မိမိတို့၏ငါးဖမ်းကိရိယာများတွင် ပင်လယ်လိပ်များ မတော်တဆဖမ်းမိခဲ့လျှင်လည်း အမြန်ဆုံးအရှင်အတိုင်း ပြန်လွှတ်ကြရမည်။

၄။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးများအနေဖြင့် မိမိတာဝန်ခံရသော မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင် သို့မဟုတ် ဒေသအတွင်း ဤညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်သူများအား မြန်မာ့ ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားကြရန် ညွှန်ကြားပါသည်။

၃. ၇ ၂၀၂၀

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မြင့်ဇင်ထူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး
---ရန်ကုန်--- တိုင်းဒေသကြီး/ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန
---ရန်ကုန်--- မြို့

ခရိုင်ဦးစီးဌာနမှူး
------------------------------- ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
------------------------------- မြို့

မြို့နယ်ဦးစီးဌာနမှူး
------------------------------- မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
------------------------------- မြို့

စာအမှတ်၊ ငလ/ဖွံ့-သု/သထ-ညွှန်ကြားချက်/၂၀၂၀ ( ၄၇၈၀ )
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် လ ၃ ရက်

မိတ္တူကို-
- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
- ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊
- ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၊
- အစိုးရအဖွဲ့ရုံး၊ -----------------တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊

- ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန၊
- ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊
- ညွှန်ကြားရေးမှူးများ( )၊ ငါးလုပ်ငန်းဦးစီးဌာန၊
- ဒုတိယညွှန်ကြားရေးမှူး၊ ဥပဒေရေးရာဌာနစု၊ ငါးလုပ်ငန်းဦးစီးဌာန၊
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊
- ရုံးလက်ခံစာတွဲ၊
- မျှော့စာတွဲ၊